**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**စီမံကိန်းဦးစီးဌာန**

**လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ**

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့်

# ရေထွက်ပစ္စည်းတင်ပို့မှုဆိုင်ရာ

# အစီရင်ခံစာ တင်ပြခြင်း

**(၂၀၂၂ ခုနှစ်၊မေလ )**

ရက်စွဲ ၂၇၊ -၆-၂၀၂၂

## မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၄ |
| ၅။ | လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုကာလတူနှင့် နှိုင်းယှဉ်ချက် | ၇ |
| ၆။ | လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၈ |
| ၇။ | ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ | ၁၂ |
| ၈။ | ရေထွက်ပစ္စည်းရောင်းချမှုအခြေအနေ | ၁၂ |
| ၉။ | (၅) နှစ်တာကာလအတွင်း သွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၄ |
| ၁၀။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၄ |
| ၁၁။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆ |
| ၁၂။ | သုံးသပ်ချက် | ၁၉ |
| ၁၃။ | နိဂုံး | ၂၁ |

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၂ ခုနှစ်၊ မေလ)

### နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။


၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ (၁၀) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံးရရှိနေသည်ကို တွေ့ရှိရသည်။ (ဇယား-၁၊ ပုံ-၁)

**ဇယား (၁) – ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား**

**၂၀၁၂-၂၀၁၃ မှ ၂၀၂၂-၂၃ (၁.၄.၂၀၂၂ မှ ၃.၆.၂၀၂၂ ထိ)**

**အမေရိကန်ဒေါ်လာသန်း**

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂(Mini Budget) (ယာယီ) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ ၃-၆-၂၀၂၂)ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၂၀ | ၂၄၀၇.၈၆ | ၈၁၇.၁၆ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၉ | ၅.၃၆ | ၅.၈၆ |
| ၃ | ရေထွက်ပစ္စည်း | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၄၈၁.၅၈ | ၉၁.၉၆ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၂၈၄.၀၇ | ၈၅.၁၃ |
| ၅ | သစ်တောထွက်ပစ္စည်း | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၀ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၀၇ | ၈၃.၉ | ၂၇.၇၂ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၉၇.၁၉ | ၈၂၅၃.၄၁ | ၄၆၈၄.၅၄ | ၁၅၆၁.၇ |
| ၇ | အခြားပစ္စည်း | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၃၃၂.၁၃ | ၆၁.၃၃ |
| | **စုစုပေါင်း** | **၈၉၇၇.၀၃** | **၁၁၂၀၃.၉၆** | **၁၂၅၂၃.၇၃** | **၁၁၁၃၆.၈၈** | **၁၁၉၉၈.၅၄** | **၁၄၈၈၃.၁၆** | **၈၈၆၁.၀၃** | **၁၇၀၆၀.၄၁** | **၁၇၆၈၁.၀၉** | **၁၅၃၆၃.၂၈** | **၈၂၇၉.၄၄** | **၂၆၅၀.၈၆** |




ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၂-၂၃ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်

## ရည်ရွယ်ချက်

၃။ (က) လယ်ယာကဏ္ဍာပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန်၊

(ခ) မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန်။

## (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်


၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၁,၉၉၈.၅၅) သန်းရှိသည့်အနက် လယ်ယာထွက်ကုန် အနေဖြင့် (၂,၉၂၈.၁၀) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၅,၃၆၃.၂၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် (၄,၆၂၄.၂၀) သန်းရှိခဲ့ပါသည်။ (ဇယား-၁)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်(၂၄%)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တွင် (၃၀%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၆%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၂၊ ပုံ-၂)

**ဇယား (၂) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား**

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ (Mini Budget) | ၂၀၂၂-၂၃ (၃-၆-၂၀၂၂ ) ထိ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၀% | ၂၉% | ၃၁% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀% | ၀% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% | ၀.၀၆% | ၀.၂၂% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% | ၆% | ၃% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% | ၃% | ၃% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၄% | ၅၇% | ၅၉% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% | ၄% | ၂% |
| | **စုစုပေါင်း** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** |




ပုံ (၂)။ ၂၀၁၅-၁၆ မှ ၂၀၂၂-၂၃ (၃-၆-၂၀၂၂) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှု(%)အခြေပြဂရပ်

၅။ သို့ဖြစ်၍ ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၃၃၃၅.၉၀)သန်း နှင့် လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၆၉၆.၀၃)သန်း တိုးတက်ရရှိခဲ့သည်။ (ဇယား-၁)

၆။ ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဇွန်လ(၃) ရက်ထိ စာရင်းများအရ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၂၆၅၀.၈၆) သန်းထိ ရှိသည့်အနက် လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၈၁၇.၁၆) သန်းထိ (ဇယား-၁) ပါဝင်ခဲ့ရာ၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုး ပါဝင်မှုအချိုးမှာ (၃၀.၈)% ထိ တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ (ဇယား-၂၊ ပုံ-၂)

၇။ အစီရင်ခံကာလအတွင်း လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၈၁၇.၁၆) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှု ဒေါ်လာ (၅.၈၆) သန်း၊ ရေထွက်ပစ္စည်းတင်ပို့မှုမှာ ဒေါ်လာ (၉၁.၉၆၁) သန်းခန့်ရရှိခဲ့သည့်အတွက် လယ်ယာကဏ္ဍ (လယ်ယာ၊ တိရိစ္ဆာန်နှင့်ရေထွက်ပစ္စည်း) တင်ပို့မှု ပို့ကုန်တန်ဖိုးစုစုပေါင်း ဒေါ်လာ(၉၁၄.၉၉) သန်းရှိပြီး(ဇယား-၁)၊ စုစုပေါင်း ပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် တန်ဖိုးပါဝင်မှုအချိုးမှာ (၃၅)%ထိ ရှိလာခဲ့သည်ကို တွေ့ရှိရပါသည်။ (ဇယား-၂၊ ပုံ-၂)

## ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၈။ ယခင်နှစ်၊ ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုးစုစုပေါင်းအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီလ (၁) ရက် မှ ဇွန်လ (၃) ရက် အထိ အမေရိကန်ဒေါ်လာ (၂,၆၅၀.၈၆)သန်းရှိရာ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၂,၄၈၃.၃၇) သန်းရှိခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလထက် ဒေါ်လာ (၁၆၇.၄၉) သန်း/ (၇) % ခန့် ပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၃)

**ဇယား (၃) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှု (နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်) နှိုင်းယှဉ်မှုအခြေအနေ**

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၃-၆-၂၂)ထိ | | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၃-၆-၂၀၂၁)ထိ | | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % |
| ၁ | လယ်ယာထွက်ပစ္စည်း | | ၈၁၇.၁၆ | ၈၁၇.၁၆ | ၃၀.၈% | | ၇၅၉.၈၁ | ၇၅၉.၈၁ | ၃၀.၆% | ၀.၀၀၀ | ၅၇.၃၆ | ၅၇.၃၆ | ၀.၂% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | | ၅.၈၆ | ၅.၈၆ | ၀.၂၂% | | ၀.၆၃ | ၀.၆၃ | ၀.၀၃% | ၀.၀၀၀ | ၅.၂၃ | ၅.၂၃ | ၀.၂% |
| ၃ | ရေထွက်ပစ္စည်း | | ၉၁.၉၆ | ၉၁.၉၆ | ၃.၅% | | ၁၀၀.၄၉ | ၁၀၀.၄၉ | ၄% | ၀.၀၀၀ | -၈.၅၃ | -၈.၅၃ | -၀.၅% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁.၄၃ | ၈၃.၆၉ | ၈၅.၁၃ | ၃.၂% | ၁၇.၆၇ | ၁၁၈.၁၉ | ၁၃၅.၈၆ | ၅.၅% | -၁၆.၂၃၃ | -၃၄.၄၉ | -၅၀.၇၃ | -၂.၃% |
| ၅ | သစ်တောထွက်ပစ္စည်း | ၀.၂၅ | ၂၇.၄၇ | ၂၇.၇၂ | ၁.၀၅% | | ၂၂.၁ | ၂၂.၁ | ၀.၉% | ၀.၂၅၂ | ၅.၃၇ | ၅.၆၃ | ၀.၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၈၄.၁၁ | ၁၀၇၇.၅၈ | ၁၅၆၁.၆၉ | ၅၉% | ၄၈၅.၇၈ | ၈၀၇.၂ | ၁၂၉၂.၉၈ | ၅၂% | -၁.၆၆၈ | ၂၇၀.၃၈ | ၂၆၈.၇၁ | ၇% |
| ၇ | အခြား | ၉.၂၅ | ၅၂.၀၈ | ၆၁.၃၃ | ၂% | ၁၁၃.၇၁ | ၅၇.၈ | ၁၇၁.၅၁ | ၇% | -၁၀၄.၄၆၃ | -၅.၇၂ | -၁၁၀.၁၈ | -၅% |
| | **စုစုပေါင်း** | ၄၉၅.၀၄ | ၂၁၅၅.၈၂ | ၂၆၅၀.၈၆ | ၁၀၀% | ၆၁၇.၁၆ | ၁၈၆၆.၂၂ | ၂၄၈၃.၃၇ | ၁၀၀% | -၁၂၂.၁၁၂ | ၂၈၉.၆ | ၁၆၇.၄၉ | ၇% |


၉။ လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်း တိုးတက်ခဲ့ရာ လယ်ယာထွက်ပို့ကုန်အနေဖြင့် ဒေါ်လာ (၈၁၇.၁၆) သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၇၅၉.၈၁) သန်း ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၅၇.၃၆) သန်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၅.၈၆) သန်းရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၀.၆၃) သန်းဖြစ်၍ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၅.၂၃)သန်း တိုးတက်ခဲ့ပြီး ရေထွက်ပစ္စည်းတင်ပို့မှုမှာ ယခုနှစ်တွင် ဒေါ်လာ (၉၁.၉၆)သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၀၀.၄၉)သန်းဖြစ်၍ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၈.၅၃) သန်း လျော့နည်းခဲ့ကြောင်း သိရှိရပါသည်။ (ဇယား - ၃၊ ၄)

၁၀။ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန် ပါဝင်မှုရာခိုင်နှုန်း အနေဖြင့်လည်း လက်ရှိဘဏ္ဍာနှစ်တွင် (၃၀.၈%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၃၀.၆%) ရှိခဲ့သည့်အတွက် ပါဝင်မှု%အနေဖြင့် (၀.၂%) ခန့်တိုးမြင့်ခဲ့ပြီး၊ ရေထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၃.၅%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၄%) ရှိခဲ့သည့်အတွက် ပါဝင်မှု% အနေဖြင့် (၀.၅%) လျော့နည်းခဲ့သည်ကိုတွေ့ရသည်။ တိရစ္ဆာန်ထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၀.၂၂%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၀.၀၃%) ရှိခဲ့သည့်အတွက် ပါဝင်မှု% အနေဖြင့် (၀.၂%) တိုးမြင့်တင်ပို့ခဲ့သည်ကိုတွေ့ရှိရသည်။ (ဇယား- ၃ နှင့် ၄၊ ပုံ-၃ နှင့် ပုံ-၄)

**ဇယား (၄) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်မှုအခြေအနေ**


ဒေါ်လာသန်း

| ခုနှစ် | လယ်ယာထွက်ပစ္စည်း | တိရစ္ဆာန်ထွက်ပစ္စည်း | ရေထွက်ပစ္စည်း | သတ္တုတွင်းထွက်ပစ္စည်း | သစ်တောထွက်ပစ္စည်း | စက်မှုကုန်ချောပစ္စည်း | အခြား | စုစုပေါင်း | လယ်ယာထွက်ပစ္စည်း % | လယ်ယာကဏ္ဍပို့ကုန် % |
|---|---|---|---|---|---|---|---|---|---|---|
| ၂၀၂၂-၂၀၂၃ (၃-၆-၂၀၂၂) ထိ | ၈၁၇.၁၆ | ၅.၈၆ | ၉၁.၉၆ | ၈၅.၁၃ | ၂၇.၇၂ | ၁၅၆၁.၆၉ | ၆၁.၃၃ | ၂၆၅၀.၈၆ | ၃၀.၈% | ၃၄.၅% |
| ၂၀၂၁-၂၀၂၂ (၃-၆-၂၀၂၁) ထိ | ၇၅၉.၈၁ | ၀.၆၃ | ၁၀၀.၄၉ | ၁၃၅.၈၅ | ၂၂.၁ | ၁၂၉၂.၉၈ | ၁၇၁.၅၁ | ၂၄၈၃.၃၇ | ၃၀.၆% | ၃၄.၇% |
| တိုး(+)/ လျော့(-) | ၅၇.၃၆ | ၅.၂၃ | -၈.၅၃ | -၅၀.၇၃ | ၅.၆၃ | ၂၆၈.၇၁ | -၁၁၀.၁၈ | ၁၆၇.၄၉ | ၀.၂% | -၀.၂% |




ပုံ (၃)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်

၁၁။ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများပါဝင်သည့် လယ်ယာကဏ္ဍတစ်ခုလုံးအနေဖြင့် ပို့ကုန်တန်ဖိုးမှာ (၁-၄-၂၀၁၁ မှ ၃-၆-၂၀၁၁) ရက်ထိ ဒေါ်လာ (၉၁၄.၉၉) သန်း ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၈၆၀.၉၃) သန်း ရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် ဒေါ်လာ (၅၄.၀၆) သန်းခန့် တိုးမြင့်တင်ပို့ခဲ့ပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် (၃၄.၅%) ရှိလာခဲ့ကာ၊ ယခင်နှစ် အလားတူကာလတွင် (၃၄.၇%) ဝန်းကျင်ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့်လည်း (၀.၂%) ခန့် လျော့နည်းခဲ့သည်ကို တွေ့ရှိရသည်။ (ဇယား-၄)




၂၀၁၁-၂၀၁၃ (၃-၆-၂၀၁၁) ထိ        ၂၀၁၀-၂၀၁၁ (၃-၆-၂၀၁၀) ထိ

ပုံ (၄)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍပို့ကုန်ရာခိုင်နှုန်း နှိုင်းယှဉ် ပြဂရပ်


## လယ်ယာထွက်ကုန်အမယ်အလိုက်တင်ပို့နိုင်မှု ကာလတူနှိုင်းယှဉ်ချက်

၁၂။ လယ်ယာထွက်ကုန်များကို ၂၀၂၁-၂၂ Mini Budget (အောက်တိုဘာလမှ မတ်လထိ) နှင့် ယခင်နှစ်အလားတူကာလ (၂၀၂၀-၂၁ Mini Budget)တို့ နှိုင်းယှဉ်ပါက လယ်ယာထွက်ကုန် စုစုပေါင်းတင်ပို့မှုမှာ ၂၀၂၁-၂၂ Mini Budget တွင် (၂,၄၀၇.၈၆)သန်း တင်ပို့ခဲ့ပြီး၊ ၂၀၂၀-၂၁ Mini Budgetတွင် (၂,၉၂၈.၁၄)သန်းတင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် (၅၂၀.၂၈)သန်း လျော့နည်းတင်ပို့ခဲ့ကြောင်းတွေ့ရပြီး၊ ပို့ကုန်အမယ်အလိုက်တင်ပို့မှုတွင် ယခင်နှစ်ထက် ဆန်နှင့်ဆန်ကွဲ အမေရိကန်ဒေါ်လာ (၁၅.၈၃) သန်း ၊ ပဲအမျိုးမျိုးတွင် (၂၄.၆) သန်း၊ ပြောင်းတွင် (၃၆.၇၄) သန်း၊ ရာဘာစိမ်းတွင် (၉.၄၈) သန်း အသီးသီးတိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး နှမ်းတွင် (၉၀.၂၈)သန်း နှင့် အခြားသီးနှံများတွင် (၅၁၆.၆၅)သန်း လျော့နည်းတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၅၊ ပုံ-၅)

### ဇယား (၅) – အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ဧပြီမှ မတ်) | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈(Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ယခုနှစ်၊ ယခင်နှစ် ကာလတူနှိုင်းယှဉ်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ၂၀၂၁-၂၂ (Mini Budget) | ၂၀၂၀-၂၁ (Mini Budget) | ခြားနားချက် |
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆ | ၁၁၄၂.၄ | ၃၉၀.၉၁ | ၇၀၉.၇ | ၇၉၄.၃၉ | ၇၀၀.၁၃ | ၄၄၄.၂၇ | ၄၂၈.၄၄ | ၁၅.၈၃ |
| ၂ | ပဲအမျိုးမျိုး | ၁,၃၉၈.၉၁ | ၈၈၆.၇၂ | ၃၉၇.၆၁ | ၁,၀၂၆.၃၁ | ၁,၁၉၅.၈၁ | ၁,၅၇၀.၇၃ | ၈၃၀.၆၃ | ၈၀၆.၀၃ | ၂၄.၆ |
| ၃ | ပြောင်း | ၂၅၂.၅၉ | ၂၉၄.၅၀ | ၈၄.၃၇ | ၂၇၇.၀၈ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၃၆၈.၂၃ | ၃၃၁.၄၉ | ၃၆.၇၄ |
| ၄ | နှမ်း | ၁၄၅.၆၉ | ၁၄၇.၀၆ | ၃၆.၄၄ | ၁၉၃.၆၂ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၁၉၄.၁၉ | ၂၈၄.၄၇ | -၉၀.၂၈ |
| ၅ | ရာဘာ | ၁၉၇.၃၆ | ၁၉၃.၇၅ | ၈၈.၃၆ | ၂၅၇.၇၅ | ၂၆၄.၄၄ | ၄၃.၇၆ | ၂၈၇.၅ | ၂၇၈.၀၂ | ၉.၄၈ |
| ၆ | အခြား | ၃၇၉.၅၉ | ၄၂၂.၇ | ၂၈၁.၀၇ | ၇၉၇.၁၄ | ၈၂၃.၃၀ | ၁၄၃၄.၁၉ | ၂၈၃.၀၅ | ၇၉၉.၇ | -၅၁၆.၆၅ |
| | စုစုပေါင်း | ၂,၉၂၈.၁၀ | ၃,၀၈၇.၁၂ | ၁,၂၇၈.၇၆ | ၃,၂၆၁.၅၉ | ၃,၇၂၅.၇ | ၄,၆၂၄.၁၃ | ၂,၄၀၇.၈၆ | ၂,၉၂၈.၁၄ | -၅၂၀.၂၈ |




ပုံ (၅) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု ကာလတူနှိုင်းယှဉ်မှု အခြေပြဂရပ်

## လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ


၁၃။ လယ်ယာကဏ္ဍအဓိကပို့ကုန် အမယ် (၅) မျိုးအနေဖြင့် ယခင်နှစ်များကဲ့သို့ပင် ပဲအမျိုးမျိုး၊ ဆန် (ဆန်ကွဲ အပါအဝင်)၊ ပြောင်း၊ နှမ်းနှင့် ရာဘာတို့ဖြစ်ပြီး၊ ယင်းတို့အနက် ဆန်နှင့် ဆန်ကွဲ တင်ပို့မှုမှ ဒေါ်လာ (၁၅၉.၉၈၆) သန်း၊ ပဲတင်ပို့မှုမှ ဒေါ်လာ (၂၇၂.၉၁၈) သန်း၊ ပြောင်းတင်ပို့မှုမှ ဒေါ်လာ (၁၄၁.၀၉၃) သန်း၊ နှမ်းတင်ပို့မှုမှ ဒေါ်လာ (၁၄.၆၆၈) သန်း နှင့် ရာဘာတင်ပို့မှုမှ ဒေါ်လာ (၈၄.၃၉၇) သန်း အသီးသီးရရှိထားကြောင်း၊ အခြားအမယ်တင်ပို့မှုမှ ဒေါ်လာ (၁၄၄.၁၀) သန်း ရရှိထားကြောင်း သိရှိရသည်။ (ဇယား-၆၊ ပုံ-၆)

၁၄။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့် နှိုင်းယှဉ်ပါက (၁-၄-၂၀၂၂) မှ (၃-၆-၂၀၂၂) ထိ အဓိကလယ်ယာထွက်ကုန် အမျိုးအစားလိုက်တင်ပို့နိုင်မှုတွင် ဆန်(ဆန်ကွဲအပါအဝင်) အနေဖြင့် တန်ချိန်ပေါင်း (၂၈%) တန်ဖိုးအနေဖြင့် (၁၄%)၊ နှမ်းအနေဖြင့် တန်ချိန် (၆၆ %) တန်ဖိုး (၆၂%) နှင့် ရော်ဘာစိမ်းအနေဖြင့် တန်ချိန် (၁၁%)၊ တန်ဖိုး (၂၁%) တိုးမြင့်တင်ပို့ခဲ့ပြီး ပဲအမျိုးမျိုးတွင် တန်ချိန် (၅%)လျော့နည်းတင်ပို့ခဲ့ပြီး ၊ တန်ဖိုးအားဖြင့် (၀.၄%) တိုးမြင့်တင်ပို့ခဲ့ကြောင်း နှင့် ပြောင်း အနေဖြင့် တန်ချိန် (၁၄%) လျော့နည်းတင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့်(၁၇%) တိုးမြင့်တင်ပို့ခဲ့ကြောင်း တစ်ဖက်ဖော်ပြပါ အချက်အလက်များအရ သိရှိရသည်။ (ဇယား-၆၊ ပုံ-၆ နှင့် ပုံ-၇ )


## ဇယား (၆) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်း အရာ | ရေတွက်ပုံ | ကာလတူ(ဇွန်လ ၃ ရက်နေ့အထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၉၁၄.၉၈၅ | ၈၆၀.၉၃၁ | ၅၄.၀၅၄ | ၆% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၈၁၇.၁၆၃ | ၇၅၉.၈၀၆ | ၅၇.၃၆ | ၈% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၁၅၉.၉၈၆ | ၁၄၀.၄၇၈ | ၁၉.၅၁ | ၁၄% |
| | | တန်ချိန် | ၄၆၉,၅၄၇.၅ | ၃၆၇,၉၂၂.၇၃ | ၁၀၁,၆၂၄.၇၇ | ၂၈% |
| | (က) ဆန် | US$ | ၁၀၀.၁၇၆ | ၉၀.၈၀၇ | ၉.၃၇ | ၁၀% |
| | | တန်ချိန် | ၂၈၀,၇၁၂.၄ | ၂၁၆,၀၈၀.၉ | ၆၄,၆၃၁.၅၀ | ၃၀% |
| | (ခ) ဆန်ကွဲ | US$ | ၅၉.၈၁ | ၄၉.၆၇၁ | ၁၀.၁၄ | ၂၀% |
| | | တန်ချိန် | ၁၈၈,၈၃၅.၁ | ၁၅၁,၈၄၁.၈၃ | ၃၆,၉၉၃.၂၇ | ၂၄% |
| ၂ | ပဲအမျိုးမျိုး | US$ | ၂၇၂.၉၁၈ | ၂၇၁.၈၄၂ | ၁.၀၈ | ၀.၄% |
| | | တန်ချိန် | ၃၆၀,၃၈၃.၃၂ | ၃၇၉,၆၀၇.၁၂၄ | (၁၉,၂၂၃.၈၀) | -၅% |
| ၃ | ပြောင်း | US$ | ၁၄၁.၀၉၃ | ၁၂၀.၁၆၁ | ၂၀.၉၃ | ၁၇% |
| | | တန်ချိန် | ၄၅၂,၇၄၃.၆၂၄ | ၅၂၃,၇၀၆.၀၁ | (၇၀,၉၆၂.၃၉) | -၁၄% |
| ၄ | နှမ်း | US$ | ၁၄.၆၆၈ | ၉.၀၅၃ | ၅.၆၂ | ၆၂% |
| | | တန်ချိန် | ၁၁,၅၅၀.၇၄၉ | ၆,၉၆၀.၂၈၈ | ၄,၅၉၀.၄၆ | ၆၆% |
| ၅ | ရော်ဘာစိမ်း | US$ | ၈၄.၃၉၇ | ၆၉.၉၃၅ | ၁၄.၄၆ | ၂၁% |
| | | တန်ချိန် | ၅၄,၂၂၆.၂၈၆ | ၄၉,၀၄၄.၆၂ | ၅,၁၈၁.၆၇ | ၁၁% |
| ၆ | အခြားသီးနှံ | US$ | ၁၄၄.၁၀ | ၁၄၈.၃၄ | (၄.၂၄) | -၃% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၅.၈၆၁ | ၀.၆၃၃ | ၅.၂၂၈ | ၉၈% |
| ရေထွက်ပစ္စည်း | | US$ | ၉၁.၉၆၁ | ၁၀၀.၄၉၂ | (၈.၅၃၁) | -၉% |




ပုံ (၆)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ပုံ (၇)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၁၅။ ပို့ကုန်တင်ပို့မှုတွင် ပဲမျိုးစုံတင်ပို့မှုကို လေ့လာပါက ယခုနှစ်တွင် ပဲတီစိမ်းမှာ တန်ချိန် (၁၇၉,၄၉၉.၄၈၂)၊ တန်ဖိုးဒေါ်လာ (၁၃၈.၇၀၈) သန်းဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ မတ်ပဲမှာ တန်ချိန် (၅၉,၂၈၈.၁၅၅)၊ တန်ဖိုးဒေါ်လာ (၄၈.၂၃၁) သန်းဖြင့် ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ ပဲစဉ်းငုံမှာ တန်ချိန် (၆,၃၃၂)၊ တန်ဖိုးဒေါ်လာ (၄.၆၃၉) သန်းဖြင့် တတိယအများဆုံး တင်ပို့နိုင်ခဲ့ပြီး၊ မြေပဲဆံ တင်ပို့မှုမှာ တန်ချိန် (၅,၄၈၆.၆၅)၊ တန်ဖိုးဒေါ်လာ (၅.၁၄) သန်းဖြင့် စတုတ္ထအများဆုံး ရပ်တည်ခဲ့သည်ကို တွေ့ရသည်။ (ဇယား-၇)

၁၆။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၁-၄-၂၀၂၂) မှ (၃-၆-၂၀၂၂) ထိ မတ်ပဲတန်ချိန်(၄၈%) နှင့် တန်ဖိုး (၄၀%)၊ ပဲစဉ်းငုံတန်ချိန် (၅၄%) နှင့် တန်ဖိုး (၄၇%) နှင့် မြေပဲဆံ တန်ချိန် (၄၇%) နှင့် တန်ဖိုး (၅၈%) အသီးသီးလျော့နည်းခဲ့ပြီး ပဲတီစိမ်းတန်ချိန် (၇%) နှင့် တန်ဖိုး (၁၁%)တိုးမြင့် တင်ပို့နိုင်ခဲ့ကြောင်း ဖော်ပြပါ အချက်အလက်များအရ သိရှိရသည်။ (ဇယား-၇၊ ပုံ-၈ နှင့် ပုံ-၉)


## ဇယား (၇) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | ကာလတူ (ဇွန်လ ၃ ရက်နေ့ အထိ ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | | ပမာဏ | ပမာဏ |
| | ပဲအမျိုးမျိုး | US$ | ၁,၅၇၀.၇၃ | ၂၇၂.၉၂ | ၂၇၁.၈၄ | ၁.၀၈ | ၀.၄% |
| | | တန်ချိန် | ၂,၀၂၉,၂၅၁.၈၈ | ၃၆၀,၃၈၃.၃၁ | ၃၇၉,၆၀၇.၁၂ | -၁၉၂၂၃.၈၁ | -၅% |
| ၁ | မတ်ပဲ | US$ | ၅၂၆.၇၁ | ၄၈.၂၃၁ | ၈၀.၆၅၄ | -၃၂.၄၂ | -၄၀% |
| | | တန်ချိန် | ၆၇၇,၅၂၆.၄၂ | ၅၉,၂၈၈.၁၅၅ | ၁၁၄,၅၈၂.၇၂၆ | -၅၅၂၉၄.၅၇ | -၄၈% |
| ၂ | ပဲတီစိမ်း | US$ | ၅၂၅.၄၀ | ၁၃၈.၇၀၈ | ၁၂၅.၄၁၆ | ၁၃.၂၉ | ၁၁% |
| | | တန်ချိန် | ၆၇၃,၁၁၀.၈၈ | ၁၇၉,၄၉၉.၄၈၂ | ၁၆၈,၃၀၉.၂၆၉ | ၁၁,၁၉၀.၂၁ | ၇% |

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | ကာလတူ (ဇွန်လ ၃ ရက်နေ့ အထိ ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | | ပမာဏ | ပမာဏ |
| ၃ | ပဲစင်းငုံ | US$ | ၁၄၄.၁၀ | ၄.၆၃၉ | ၈.၇၁၂ | -၄.၀၇ | -၄၇% |
| | | တန်ချိန် | ၂၁၄,၀၉၁.၆၃ | ၆,၃၃၂ | ၁၃,၈၉၄.၁၅၈ | -၇,၅၆၂.၁၆ | -၅၄% |
| ၄ | ကုလားပဲ | US$ | ၁၅.၉၈ | ၉.၀၆၂ | ၈.၈၅၃ | ၀.၂၁ | ၂% |
| | | တန်ချိန် | ၂၇,၂၁၂.၇၉ | ၁၂,၉၁၂.၇၃၅ | ၁၅,၂၂၉.၀၇၂ | -၂,၃၁၆.၃၄ | -၁၅% |
| ၅ | ပဲလွန်းဖြူ | US$ | ၂၈.၃၄ | ၈.၇၅၃ | ၅.၇၆၇ | ၂.၉၉ | ၅၂% |
| | | တန်ချိန် | ၄,၉၉၆၂.၅၅ | ၁၂,၇၈၄.၇၄၈ | ၈,၅၅၆.၈၅၃ | ၄,၂၂၇.၉၀ | ၄၉% |
| ၆ | မြေထောက်ပဲ | US$ | ၃၈.၀၃ | ၂၁.၇၆ | ၁၀.၀၂၇ | ၁၁.၇၃ | ၁၁၇% |
| | | တန်ချိန် | ၅၃,၈၆၃.၃၅ | ၃၁,၁၉၂.၄၇၉ | ၁၄,၀၈၆.၈၂၈ | ၁၇,၁၀၅.၆၅ | ၁၂၁% |
| ၇ | ထောပတ်ပဲ | US$ | ၂၅.၆၈ | ၁၂.၀၅၅ | ၄.၉၂၆ | ၇.၁၃ | ၁၄၅% |
| | | တန်ချိန် | ၄၅,၂၂၅.၅၆ | ၁၅,၁၆၈.၆၉၂ | ၈,၇၃၆.၅၁၃ | ၆,၄၃၂.၁၈ | ၇၄% |
| ၈ | ပဲယင်း | US$ | ၃၃.၄၂ | ၁၂.၃၆၈ | ၈.၅၀၄ | ၃.၈၆ | ၄၅% |
| | | တန်ချိန် | ၆၁,၈၉၃.၀၉ | ၁၈,၃၂၈.၃၆၃ | ၁၅,၄၂၆.၀၅၂ | ၂,၉၀၂.၃၁ | ၁၉% |
| ၉ | ပဲကြီး | US$ | ၁၁.၆၁ | ၃.၆၇ | ၀.၅၄၆ | ၃.၁၂ | ၅၇၂% |
| | | တန်ချိန် | ၁၉,၄၂၂.၂၁ | ၅,၅၆၃.၂ | ၈,၈၉.၄ | ၄,၆၇၃.၈၀ | ၅၂၆% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁၁.၈၅ | ၂.၃၇၆ | ၁.၃၈၉ | ၀.၉၉ | ၇၁% |
| | | တန်ချိန် | ၁၈,၅၅၆.၁၃ | ၃,၅၇၁.၁၆၅ | ၂,၂၆၅.၃၉၈ | ၁,၃၀၅.၇၇ | ၅၈% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၄.၂၇ | ၃.၄၄၃ | ၂.၁၀၇ | ၁.၃၄ | ၆၃% |
| | | တန်ချိန် | ၅,၁၆၉.၅၄ | ၄,၆၃၆.၆၇ | ၂,၅၆၁.၉၃၆ | ၂,၀၇၄.၇၃ | ၈၁% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၃.၆၅ | ၀.၀၆၃ | ၀.၆၉ | -၀.၆၃ | -၉၁% |
| | | တန်ချိန် | ၆,၁၇၆.၁၆ | ၆၆. | ၁,၁၅၆. | -၁,၀၉၀.၀၀ | -၉၄% |
| ၁၃ | ပဲနီကြား | US$ | ၄.၅၂ | ၁.၅၃၃ | ၁.၁၇၇ | ၀.၃၆ | ၃၀% |
| | | တန်ချိန် | ၉,၉၆၆.၅၀ | ၃,၈၃၈.၄ | ၂,၅၂၄.၅ | ၁,၃၁၃.၉၀ | ၅၂% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၂.၄၂ | ၀.၃၅၃ | ၀.၅၄၉ | -၀.၂၀ | -၃၆% |
| | | တန်ချိန် | ၃,၃၄၅.၈၃ | ၄၅၈.၄၅ | ၆၅၃.၆၇၅ | -၁၉၅.၂၃ | -၃၀% |
| ၁၅ | မြေပဲဆံ | US$ | ၁၈၈.၁၈ | ၅.၁၄ | ၁၂.၂၆၉ | -၇.၁၃ | -၅၈% |
| | | တန်ချိန် | ၁၅,၈၂၄၈.၇၁ | ၅,၄၈၆.၆၅ | ၁၀,၄၀၉.၈၁ | -၄,၉၂၃.၁၆ | -၄၇% |
| ၁၆ | အခြားပဲ | US$ | ၆.၅၆ | ၀.၇၆၄ | ၀.၂၅၃ | ၀.၅၁ | ၂၀၂% |
| | | တန်ချိန် | ၅,၄၈၀.၅၃ | ၁,၂၅၆.၁၂၄ | ၃၂၄.၉၃၄ | ၉၃၁.၁၉ | ၂၈၇% |




ပုံ (၈)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဇယား




ပုံ (၉)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဇယား

## ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ

၁၇။ ဆီထွက်သီးနှံဖြစ်သော မြေပဲဆံနှင့်နှမ်း တင်ပို့မှုကိုလေ့လာပါက **မြေပဲဆံ**တင်ပို့မှုမှာ ယခုနှစ်တွင်တန်ချိန် (၅,၄၈၆.၆၅)၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၅.၁၄)သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန်(၁၀,၄၀၉.၈၁)၊ တန်ဖိုး ဒေါ်လာ (၁၂.၂၆၉)သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၄,၉၂၃.၁၆၀)နှင့် တန်ဖိုး ဒေါ်လာ (၇.၁၂၉)သန်း လျော့နည်းခဲ့ကြောင်း တွေ့ရသည်။ (ဇယား–၇)

၁၈။ **နှမ်း**တင်ပို့မှုမှာ (၁–၄–၂၀၂၂) မှ (၃–၆–၂၀၂၂)ထိ တန်ချိန် (၁၁,၅၅၀.၇၄၉) နှင့် တန်ဖိုး ဒေါ်လာ (၁၄.၆၆၈) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၆,၉၆၀.၂၈၈)နှင့် တန်ဖိုး ဒေါ်လာ (၉.၀၅၃) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၄,၅၉၀.၄၆၁) နှင့် တန်ဖိုး ဒေါ်လာ (၅.၆၁၅) သန်း တိုးမြင့်တင်ပို့ခဲ့ကြောင်း တွေ့ရသည်။ (ဇယား–၆)

## ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

### ဇယား (၈) – ၂၀၂၂-၂၀၂၃ခုနှစ်၊ မေလအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှရရှိသည့် ဝင်ငွေစာရင်း

တန်ချိန်- မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | ပုံမှန်ကုန်သွယ်ရေး | ၇၉၀၀.၁၅ | ၁၁.၉၆ | ၁၁၆၂.၈၈ | ၃.၅၄ | ၄၉၆၃.၀၈ | ၁၆.၇၃ | ၁၄၀၂၆.၁၁ | ၃၂.၂၃ |
| | (က) ပုဂ္ဂလိကကုမ္ပဏီများ | ၇၉၀၀.၁၅ | ၁၁.၉၆ | ၁၁၆၂.၈၈ | ၃.၅၄ | ၄၉၆၃.၀၈ | ၁၆.၇၃ | ၁၄၀၂၆.၁၁ | ၃၂.၂၃ |

တန်ချိန်- မက်ထရစ်တန်(ရိုးရိုး)

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၂ | **နယ်စပ်ကုန်သွယ်ရေး** | **၂၈၃၁.၃၅** | **၃.၂၇** | **၂၈.၂၆** | **၀.၁၈** | **၁၂၄၀.၉၇** | **၂.၆၉** | **၄၁၀၀.၅၇** | ၆.၁၅ |
| | (က) မြဝတီ | ၂၀၇.၅၉ | ၀.၂၂၅ | ၃.၈ | ၀.၀၅ | ၂၈၅.၉၂ | ၀.၆၇ | ၄၉၇.၃၅ | ၀.၉၄ |
| | ( ခ ) ကော့သောင်း | ၁၁၅၇.၂၆ | ၁.၂ | ၂၄.၄၂ | ၀.၁၄ | ၄၄၁.၇၅ | ၁.၅၁၆ | ၁၆၂၃.၄၃ | ၂.၈၅ |
| | (ဂ ) စစ်တွေ | ၁၃၉.၂ | ၀.၁၇ | | | | | ၁၃၉.၂ | ၀.၁၇ |
| | (ဃ) မြိတ် | | | | | ၄၃၅. | ၀.၄၂၄ | ၄၃၅. | ၀.၄၂ |
| | ( င ) မူဆယ် | | | | | | | ၀. | ၀. |
| | ( စ ) မောင်တော | ၁၃၂၇.၃ | ၁.၆၈ | | | ၇၈.၃ | ၀.၀၈ | ၁၄၀၅.၆ | ၁.၇၆ |
| | (ဆ) တမူး | | | | | | | ၀. | ၀. |
| | ( ဇ ) ချင်းရွှေဟော် | | | | | | | ၀. | ၀. |
| | (ဈ) ထီးခီး | | | | | | | ၀. | ၀. |
| | (ည) ရိ(ဒ်) | | | | | | | ၀. | ၀. |
| | ( ဓ ) မောတောင် | | | | | | | ၀. | ၀. |
| | ၂၀၂၂-၂၀၂၃ မေလ အတွင်း ပြည်ပပို့ကုန်စုစုပေါင်း | ၁၀၇၃၁.၅၀ | ၁၅.၂၃ | ၁၁၉၁.၁၄ | ၃.၇၃ | ၆၂၀၄.၀၅ | ၁၉.၄၂ | ၁၈၁၂၆.၆၈၂ | ၃၈.၃၇ |
| | ၂၀၂၁-၂၀၂၂ မေလ အတွင်း ပြည်ပပို့ကုန်စုစုပေါင်း | ၁၀၇၇၉.၈၃ | ၁၄.၃၅ | ၄၉၁.၁၄ | ၂.၇၆ | ၁၂၈၃၇.၆၅ | ၂၃.၉၇ | ၂၄၁၀၈.၆၁၅ | ၃၃.၁၇ |
| | ခြားနားချက် | -၄၈.၃၃ | ၀.၈၈ | ၇၀၀.၀၀ | ၀.၉၆ | -၆၆၃၃.၆၁ | -၄.၅၅ | -၅၉၈၁.၉၃ | ၅.၂၀ |

အရင်းအမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

၁၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၂-၂၀၂၃ ခုနှစ်၊ မေလအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၁၀၇၃၁.၄၉၈) ၊ တန်ဖိုး ဒေါ်လာ (၁၅.၂၃၁) သန်း၊ ပုဇွန်မှာ တန်ချိန်(၁၁၉၁.၁၃၇)၊ တန်ဖိုး ဒေါ်လာ (၃.၇၂၅) သန်း နှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၆၀၂၄.၀၄၇)၊ တန်ဖိုး ဒေါ်လာ (၁၉.၄၁၆) သန်း ရရှိခဲ့သည်ကို သိရှိရပါသည်။ (ဇယား-၈ )

၂၀။ ယခင်နှစ်အလားတူကာလ ၂၀၂၁-၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးတန်ချိန် (၄၈.၃၃) နှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၆၆၃၃.၆၁)၊ တန်ဖိုး ဒေါ်လာ (၄.၅) သန်း လျော့နည်း တင်ပို့ခဲ့ပြီး ငါးတင်ပို့မှုမှ တန်ဖိုး ဒေါ်လာ (၀.၈၈) သန်း ၊ ပုဇွန်တန်ချိန် (၇၀၀) နှင့် တန်ဖိုး ဒေါ်လာ (၀.၉၆) သန်း မြင့်တက်ခဲ့သည်ကိုသိရှိရပါသည်။(ဇယား-၈ )

## ပြည်ပမှသွင်းကုန်တင်သွင်းမှုအခြေအနေ

### (၅) နှစ်တာကာလအတွင်း သွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက်

၂၁။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၇,၂၁၁.၀၆) သန်းရှိခဲ့ပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် (၁၄,၆၈၆.၀၅၈) သန်း ရှိခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၂,၅၂၅.၀၀၂) သန်း (၁၅%) လျော့နည်းလာခဲ့ ကြောင်း သိရသည်။(ဇယား-၉)

**ဇယား (၉) - ကုန်စည်ပစ္စည်းများအလိုက်တင်သွင်းမှုတန်ဖိုးအခြေပြဇယား**

**၂၀၁၂-၂၀၁၃ မှ ၂၀၂၂-၂၃ (၁.၄.၂၀၂၂ မှ ၃.၆.၂၀၂၂ ထိ)**

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ Mini Budget (ယာယီ) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၃-၆-၂၀၂၂)ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၄၇၄ | ၈၉၆.၉၉၈ | ၅၆၀.၆၂၆ |
| ( ခ ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၂၃ | ၈၃၃.၃၉၁ | ၁၁၅၇.၅၈၇ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၁.၇၆ | ၅၄၅.၂၄၈ | ၅၉၃.၀၃၄ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | ၂၀၅.၇၁၆ | ၅၄၈.၆၇၁ |
| စုစုပေါင်း | | ၉၀၆၈.၉၁ | ၁၃၇၅၉.၅၁ | ၁၆၆၃၃.၁၅ | ၁၆၅၇၇.၉ | ၁၇၂၁၁.၀၆ | ၁၈၆၉၄.၉ | ၉၈၆၇.၇၈ | ၁၈၀၈၆.၆ | ၁၉၀၅၀.၉ | ၁၄၆၈၆.၀၅၈ | ၇၉၅၅.၂၅၈ | ၂၈၅၉.၉၁၈ |

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၂၂။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၁-၂၂ ခုနှစ်၊ ဧပြီလ(၁)ရက်မှ ဇွန်လ (၃)ရက်ထိ ဒေါ်လာ (၂,၈၅၉.၉၁၈)သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၂,၄၈၁.၃၅၃)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၃၇၈.၅၆၅) (၁၅%) လျော့နည်းတင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၀)

## ဇယား (၁၀) – ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနိူင်းယှဉ်ချက်အခြေပြဇယား


အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၃-၆-၂၂)ထိ | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၃-၆-၂၀၂၁)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၈၀.၅ | ၄၈၀.၁၂၆ | ၅၆၀.၆၂၆ | ၂၈၆.၆၁၅ | ၆၁၀.၃၈၃ | ၈၉၆.၉၉၈ | -၂၀၆.၁၁၅ | -၁၃၀.၂၅၇ | -၃၃၆.၃၇၂ | -၃၇% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၁၅.၁၄၈ | ၁၁၄၂.၄၃၉ | ၁,၁၅၇.၅၈၇ | ၈.၈၂၂ | ၈၂၄.၅၆၉ | ၈၃၃.၃၉၁ | ၆.၃၂၆ | ၃၁၇.၈၇ | ၃၂၄.၁၉၆ | ၃၉% |
| ၃ | လူသုံးကုန်ပစ္စည်း | ၇၄.၃၃၅ | ၅၁၈.၆၉၉ | ၅၉၃.၀၃၄ | ၆.၁၀၃ | ၅၃၉.၁၄၅ | ၅၄၅.၂၄၈ | ၆၈.၂၃၂ | -၂၀.၄၄၆ | ၄၇.၇၈၆ | ၉% |
| ၄ | CMP | | ၅၄၈.၆၇၁ | ၅၄၈.၆၇၁ | | ၂၀၅.၇၁၆ | ၂၀၅.၇၁၆ | ၀. | ၃၄၂.၉၅၅ | ၃၄၂.၉၅၅ | ၁၆၇% |
| | စုစုပေါင်း | ၁၆၉.၉၈၃ | ၂,၆၈၉.၉၃၅ | ၂,၈၅၉.၉၁၈ | ၃၀၁.၅၄ | ၂,၁၇၉.၈၀၃ | ၂,၄၈၁.၃၅၃ | -၁၃၁.၅၅၇ | ၅၁၀.၁၂၂ | ၃၇၈.၅၆၅ | ၁၅% |

၂၃။ ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၁,၁၅၇.၅၈၇)သန်း ဖြင့် အများဆုံးနှင့် လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၅၉၃.၀၃၄)သန်း ဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ် အလားတူကာလတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၈၉၆.၉၉၈) အများဆုံးနှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၈၃၃.၃၉၁)သန်းဖြင့် ဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၀)

## ဇယား (၁၁) – ၂၀၂၁-၂၂ (Mini Budget)နှင့် ၂၀၂၀-၂၁ (Mini Budget) ကာလတူ သွင်းကုန်တင်သွင်းမှု နိူင်းယှဉ်ချက်အခြေပြဇယား

| စဉ် | အမျိုး အမည် | ၂၀၁၆-၁၇ (ဧပြီမှ မတ်) | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈ (Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ယခုနှစ်၊ ယခင်နှစ် ကာလတူနှိုင်းယှဉ်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ၂၀၂၁-၂၂ (Mini Budget) | ၂၀၂၀-၂၁ (Mini Budget) | ခြားနား ချက် |
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၆,၉၁၉.၃၉ | ၆,၅၉၀.၄၁ | ၃,၄၅၅.၃၄ | ၅,၈၆၁.၄၅ | ၇,၃၁၅.၃၃ | ၄,၇၄၀.၄၇၄ | ၁,၄၉၂.၁၆၉ | ၂,၇၈၀.၃၁ | -၁,၂၈၈.၁၅ |
| ( ခ ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၆,၁၆၅.၃၆ | ၇,၆၈၅.၀၆ | ၃,၇၆၅.၈၅ | ၇,၃၇၉.၆၉ | ၆,၈၇၃.၂၇ | ၅,၄၃၃.၈၂၃ | ၃,၅၇၃.၀၆၃ | ၂,၅၇၄.၈၃ | ၉၉၈.၂၃၁ |
| ( ဂ ) | လူသုံးကုန်ပစ္စည်းများ | ၄,၁၂၆.၃၁ | ၄,၄၁၉.၄၃ | ၂,၆၄၆.၅၉ | ၄,၈၄၅.၄၇ | ၄,၈၆၂.၂၆ | ၄,၅၀၁.၇၆ | ၁,၇၄၅.၆၇၄ | ၁,၆၂၀.၁၅ | ၁၂၅.၅၂၅ |
| (ဃ) | CMP | - | - | - | - | - | - | ၁,၁၄၄.၃၅၂ | ၈၁၅.၂၅၅ | ၃၂၉.၀၉၇ |
| | စုစုပေါင်း | ၁၇,၂၁၁.၀၆ | ၁၈,၆၉၄.၉ | ၉,၈၆၇.၇၈ | ၁၈,၀၈၆.၆ | ၁၉,၀၅၀.၉ | ၁၄,၆၈၆.၀၅၈ | ၇,၉၅၅.၂၅၈ | ၇,၇၉၀.၅၅ | ၁၆၄.၇၀၈ |




**ပုံ (၁၀)။ သွင်းကုန်တင်သွင်းမှု ကာလတူ နှိုင်းယှဉ်ပြဇယား**

၂၄။ ကုန်ပစ္စည်းအမျိုးအစားအလိုက် သွင်းကုန်တင်သွင်းမှုကို ၂၀၂၁-၂၂ (Mini Budget)နှင့် ၂၀၂၀-၂၁ (Mini Budget)ကာလတူ နှိုင်းယှဉ်ပါက စုစုပေါင်းသွင်းကုန်တင်သွင်းမှုမှာ ၂၀၂၁-၂၂ တွင် အမေရိကန်ဒေါ်လာ (၇,၉၅၅.၂၅၈) သန်းတင်သွင်းခဲ့ပြီး၊ ၂၀၂၀-၂၁ တွင် (၇,၇၉၀.၅) သန်း တင်သွင်းခဲ့သဖြင့် (၁၆၄.၇၀၈)သန်း ပိုမိုတင်သွင်းခဲ့သည်ကိုတွေ့ရသဖြင့် ယခင်နှစ်ထက် ၂၀၂၁-၂၂ တွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ (၁,၂၈၈.၁၄၅)သန်း လျော့နည်းတင်သွင်း ခဲ့ပြီး ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တန်ဖိုး (၉၉၈.၂၃၁) သန်း၊ လူသုံးကုန်ပစ္စည်း (၁၂၅.၅၂၅) သန်းနှင့် CMP (၃၂၉.၀၉၇) သန်း ပိုမို တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။(ဇယား-၁၁၊ ပုံ-၁၀)

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၅။ အဓိကကုန်သွင်းကုန် (၁၁)မျိုးအနက် လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းများ ၏ တင်သွင်းမှုအခြေအနေမှာ စားအုန်းဆီ တန်ချိန် (၆,၇၂၄၇)၊ တန်ဖိုးဒေါ်လာ (၁၁၆.၇၇၁) သန်း၊ ဓာတ်မြေသြဇာတန်ချိန် (၁၆၁,၄၂၃)၊ တန်ဖိုး ဒေါ်လာ (၈၇.၁၅၈) သန်း၊ ဂျုံစေ့ တန်ချိန် (၁၅,၆၂၂)၊ တန်ဖိုး (၇.၀၆၈)သန်းနှင့် ဂျုံမှုန့် တန်ချိန် (၁,၁၃၂)၊ တန်ဖိုး (၀.၆၆၃) သန်း ပါရှိခဲ့သည်ကို သိရှိရပါသည်။ (စာရင်းဇယား -၁၂)

၂၆။ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည် အမယ်(၁၁)မျိုးအနက် လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် စားအုန်းဆီမှာ ယခင်နှစ်ထက် တန်ချိန်(၇၇,၄၄၆)နှင့်

တန်ဖိုး အားဖြင့် ဒေါ်လာ (၄၃.၄၄၆)သန်း၊ ဂျုံစေ့မှာ တန်ချိန် (၆၇,၁၇၀)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၁၇.၁၈)သန်း လျော့နည်းတင်သွင်းခဲ့ကိုတွေ့ရသည်။ အခြားကုန်စည်များဖြစ်သော ဂျုံမှုန့်မှာ တန်ချိန်အားဖြင့် (၅၅၇)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၀.၄၅၇) သန်း တိုးမြှင့်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ ဓာတ်မြေသြဇာမှာ တန်ချိန်(၁၀,၁၅၅) လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၄၅.၃၂၉)သန်း တိုးမြှင့်ခဲ့သည်ကို တွေ့ရသည်။ (ဇယား -၁၂၊ ပုံ-၁၀နှင့် ပုံ-၁၁)


## ဇယား (၁၂) အဓိကကုန်ပစ္စည်း(၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဇွန်လ ၃ ရက်နေ့ အထိ ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | ၈၉၄၇၈၈.၁၁၇ | ၁၃၃၈၃၆၂.၈၄၇ | -၄၄၃၅၇၄.၇၃ | -၃၃% |
| ၁ | ဒီဇယ် | US$ | ၃၃၄.၄၈ | ၁၅၇.၇၃၇ | ၁၇၆.၇၄၃ | ၁၁၂% |
| | | တန် | ၃၁၅၇၂၆ | ၃၀၆၀၄၂ | ၉၆၈၄. | ၃% |
| ၂ | ဓါတ်ဆီ | US$ | ၂၆၀.၁၉၉ | ၁၉၈.၆၅၉ | ၆၁.၅၄ | ၃၁% |
| | | တန် | ၂၁၃၂၅၆ | ၃၂၃၃၉၅ | -၁၁၀၁၃၉. | -၃၄% |
| ၃ | စားအုန်းဆီ | US$ | ၁၁၆.၇၇၁ | ၁၆၀.၂၁၇ | -၄၃.၄၄၆ | -၂၇% |
| | | တန် | ၆၇၂၄၇ | ၁၄၄၆၉၃ | -၇၇၄၄၆. | -၅၄% |
| ၄ | **မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း** | **US$** | ၄၄.၈၇၉ | ၁၀၈.၆၄၂ | -၆၃.၇၆၃ | -၅၉% |
| | | **စီး** | ၉၀၇ | ၅၆၇၁ | -၄၇၆၄. | -၈၄% |
| | လူစီးယာဉ် | US$ | ၁.၈၆၇ | ၄၄.၅၅၅ | -၄၂.၆၈၈ | -၉၆% |
| | | စီး | ၁၀၁ | ၃၀၅၃ | -၂၉၅၂. | -၉၇% |
| | ဘတ်စ် | US$ | ၁.၂၄၆ | ၀.၇၉၄ | ၀.၄၅၂ | ၅၇% |
| | | စီး | ၇၈ | ၅၆ | ၂၂. | ၃၉% |
| | ထရပ် | US$ | ၃.၉၃၇ | ၁၂.၉၈၆ | -၉.၀၄၉ | -၇၀% |
| | | စီး | ၃၂၈ | ၁၅၅၉ | -၁၂၃၁. | -၇၉% |
| | ယန္တယား | US$ | ၂၅.၃၀၅ | ၄၀.၃၃၃ | -၁၅.၀၂၈ | -၃၇% |
| | | စီး | ၄၀၀ | ၁၀၀၃ | -၆၀၃. | -၆၀% |
| | ယာဉ်အပိုပစ္စည်း | US$ | ၁၂.၅၂၄ | ၉.၉၇၄ | ၂.၅၅ | ၂၆% |

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဖွန်လ ၃ ရက်နေ့ အထိ ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၅ | ဘိလပ်မြေ | US$ | ၉.၁၆၅ | ၂၂.၃၇၃ | -၁၃.၂၀၈ | -၅၉% |
| | | တန် | ၁၀၉၆၁၂ | ၂၉၁၄၃၁ | -၁၈၁၈၁၉. | -၆၂% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၈၇.၁၅၈ | ၄၁.၈၂၉ | ၄၅.၃၂၉ | ၁၀၈% |
| | | တန် | ၁၆၁၄၂၃ | ၁၇၁၅၇၈ | -၁၀၁၅၅. | -၆% |
| ၇ | ဂျုံစေ့ | US$ | ၇.၀၆၈ | ၂၄.၂၄၈ | -၁၇.၁၈ | -၇၁% |
| | | တန် | ၁၅၆၂၂ | ၈၂၇၉၂ | -၆၇၁၇၀. | -၈၁% |
| ၈ | ဂျုံမှုန့် | US$ | ၀.၆၆၃ | ၀.၂၀၆ | ၀.၄၅၇ | ၂၂၂% |
| | | တန် | ၁၁၃၂ | ၅၇၅ | ၅၅၇. | ၉၇% |
| ၉ | နို့ဆီ | US$ | ၃.၉၅ | ၃.၈၀၆ | ၀.၁၄၄ | ၄% |
| | | တန် | ၂၉၁၁ | ၃၂၀၃ | -၂၉၂. | -၉% |
| ၁၀ | နို့စိမ်း | US$ | ၆.၄၆၇ | ၇.၆၀၁ | -၁.၁၃၄ | -၁၅% |
| | | တန် | ၄၅၄၅ | ၅၈၁၈ | -၁၂၇၃. | -၂၂% |
| ၁၁ | နို့မှုန့် | US$ | ၅.၃၁၇ | ၅.၅၂၉ | -၀.၂၁၂ | -၄% |
| | | တန် | ၁၅၃၁ | ၂၄၁၄ | -၈၈၃. | -၃၇% |




ပုံ(၁၀)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်– ဒေါ်လာသန်း)




ပုံ(၁၁)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်–တန်ချိန်)

၂၇။ အခြားတင်သွင်းကုန်များဖြစ်သည့် နို့ဆီမှာ တန်ချိန် (၂,၉၁၁)၊ တန်ဖိုးဒေါ်လာ (၃.၉၅၀) သန်း၊ နို့စိမ်းမှာ တန်ချိန် (၄,၅၄၅)၊ တန်ဖိုးဒေါ်လာ (၆.၄၆၇) သန်းနှင့် နို့မှုန့်မှာ တန်ချိန် (၁,၅၃၁)၊ တန်ဖိုးဒေါ်လာ (၅.၁၁၇) သန်း စီပါရှိခဲ့ကြောင်း သိရှိရပါသည်။

## သုံးသပ်ချက်

၂၈။ **မြန်မာနိုင်ငံ၏ပို့ကုန်တင်ပို့မှု၏ (၂၀၂၁-၂၀၂၂) Mini Budget နှင့် (၂၀၂၀-၂၀၂၁) Mini Budget** ကာလတူနှိုင်းယှဉ်လေ့လာပါက (၂၀၂၁-၂၀၂၂) Mini Budget တွင် လယ်ယာထွက်ကုန် စုစုပေါင်းတင်ပို့မှုမှာ ဒေါ်လာ (၂၄၀၇.၈၆) သန်း ရှိခဲ့ပြီး (၂၀၂၀-၂၀၂၁) Mini Budget တွင် ဒေါ်လာ (၂၉၂၈.၁၄) သန်း ရှိခဲ့သဖြင့် ယခင်နှစ်ထက် တင်ပို့မှုစုစုပေါင်း ဒေါ်လာ (၅၂၀.၂၈) သန်း လျော့နည်းတင်ပို့ခဲ့သည်ကိုတွေ့ရသည်။ လယ်ယာထွက်ကုန်များ၏ ပို့ကုန်အမယ်အလိုက်တင်ပို့မှုမှာ ယခုနှစ်တွင် ဆန်နှင့်ဆန်ကွဲ ဒေါ်လာ(၄၄၄.၂၇) သန်း၊ ပဲအမျိုးမျိုးတွင် ဒေါ်လာ (၈၃၀.၆၃) သန်း၊ ပြောင်းမှာ ဒေါ်လာ (၃၆၈.၂၃) သန်း၊ နှမ်း မှာ ဒေါ်လာ (၁၉၄.၁၉) သန်း၊ ရာဘာမှာ ဒေါ်လာ (၂၈၇.၅) သန်းနှင့် အခြားသီးနှံများမှာ ဒေါ်လာ (၂၈၃.၀၅) သန်း အသီးသီးတင်ပို့ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဆန်နှင့်ဆန်ကွဲ ဒေါ်လာ(၄၂၈.၄၄) သန်း၊ ပဲအမျိုးမျိုးတွင် ဒေါ်လာ (၈၀၆.၀၃) သန်း၊ ပြောင်းမှာ ဒေါ်လာ (၃၃၁.၄၉) သန်း၊ နှမ်းမှာ ဒေါ်လာ (၂၈၄.၄၇) သန်း၊ ရာဘာမှာ ဒေါ်လာ (၂၇၈.၀၂) သန်းနှင့် အခြားသီးနှံများမှာ ဒေါ်လာ (၇၉၉.၇) သန်း အသီးသီး တင်ပို့ခဲ့သဖြင့် ယခင်နှစ်အလားတူကာလထက် ဆန်နှင့်ဆန်ကွဲ ဒေါ်လာ(၁၅.၈၃) သန်း၊ ပဲအမျိုးမျိုး ဒေါ်လာ (၂၄.၆) သန်း၊ ပြောင်း ဒေါ်လာ (၃၆.၇၄) သန်း၊ ရာဘာ ဒေါ်လာ (၉.၄၈) သန်း စီ တိုးမြင့်တင်ပို့ခဲ့ပြီး နှမ်းမှာ ဒေါ်လာ (၉၀.၂၈) သန်း နှင့် အခြားသီးနှံများမှာ ဒေါ်လာ (၅၁၆.၆၅) သန်း လျော့နည်းခဲ့သည်ကို သုံးသပ်တွေ့ရှိရပါသည်။

၂၉။ **၁-၄-၂၀၂၂ မှ ၃-၆-၂၀၂၂ထိ စုစုပေါင်းပို့ကုန်တင်ပို့မှု**အနေဖြင့် ဒေါ်လာ (၂,၆၅၀.၈၅၉) သန်း တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၂,၄၈၃.၃၇၄) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဒေါ်လာ (၁၆၇.၄၈၅) သန်း ပိုမိုတင်ပို့နိုင်ခဲ့သည်ကိုတွေ့ရသည်။ လယ်ယာထွက်ကုန်ဖြစ်သော **ဆန်နှင့်ဆန်ကွဲတင်ပို့မှုတွင်** ပင်လယ်ရေကြောင်းမှ စပိန်၊ ဘယ်လ်ဂျီယံ၊ အီတလီ၊ ဖိလစ်ပိုင်၊ နယ်သာလန်စသည့်နိုင်ငံများသို့ တင်ပို့မှုရှိပြီး နယ်စပ်စခန်းများမှလည်း တင်ပို့မှုရှိကာ ယခင်နှစ်ထက် တန်ချိန် (၁၀၁၆၂၄.၇၇) ပိုမိုတင်သွင်းခဲ့ပါသည်။ နှမ်းနက်မှာ ပင်လယ်ရေကြောင်းမှ ဂျပန်နှင့် ထိုင်းသို့ တင်ပို့မှုရှိပြီး နယ်စပ်စခန်းများမှလည်း တင်ပို့မှုရှိကာ ပြည်တွင်းဈေးကွက်တွင် တရုတ်ပို့ကုန်လမ်းကြောင်း ပြန်လည်ကောင်းမွန်လာသဖြင့် **နှမ်း**မှာ ယခင် နှစ်ထက် တန်ချိန် (၄၅၉၀.၄၆၁) ပိုမိုတင်သွင်းခဲ့သည်ကိုတွေ့ရသည်။ **ရာဘာစိမ်း**မှာ တရုတ်၊ မလေးရှား၊ ကနေဒါ၊ အင်ဒိုနီးရှား၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယားစသည့် နိုင်ငံများသို့တင်ပို့မှု

ရှိပြီး ယခင်နှစ်ထက် တန်ချိန် (၅၁၈၁.၆၆၆) တန်ပိုမိုတင်ပို့ခဲ့ကြောင်းနှင့် **ပြောင်း**မှာ ထိုင်း၊ ဖိလစ်ပိုင်သို့တင်ပို့မှုရှိပြီး မြဝတီနယ်စပ်မှတဆင့် ထိုင်းနိုင်ငံသို့ အခွန်လွတ်စနစ်ဖြင့် တင်ပို့လျှက်ရှိကာ ယခင်နှစ်ထက် တန်ချိန် (၇၀၉၆၂.၃၈၆) လျော့နည်းတင်ပို့ခဲ့သည်ကိုတွေ့ရသည်။ ပဲအမျိုးမျိုးတွင် အိန္ဒိယအစိုးရမှ ပဲတီစိမ်းတင်သွင်းခွင့်မူဝါဒကို လွတ်လပ်စွာတင်သွင်းခွင့်ပေးထားရာမှ ကန့်သတ်ကုန်အဖြစ်သတ်မှတ်ခဲ့ပြီး အိန္ဒိယ နိုင်ငံခြားကုန်သွယ်မှုဌာနက ပဲတီစိမ်းတင်သွင်းသူများအဆင်ပြေစေရန် ပဲတင်သွင်းခွင့်သက်တမ်းကို အဆင့်ဆင့်တိုးလာခဲ့ကြောင်းသိရပြီး ပဲတီစိမ်းတင်ပို့မှုမှာ ယခင်နှစ်ထက်တန်ချိန် (၁၁၁၉၀.၂၁၃) ပိုမိုတင်ပို့ခဲ့သည်ကို သုံးသပ်တွေ့ရှိရပါသည်။

၃၀။ **မြန်မာနိုင်ငံသွင်းကုန်တင်သွင်းမှု၏ (၂၀၂၁-၂၀၂၂) Mini Budget နှင့် (၂၀၂၀-၂၀၂၁) Mini Budget** ကာလတူနှိုင်းယှဉ်လေ့လာပါက (၂၀၂၁-၂၀၂၂) Mini Budget တွင် စုစုပေါင်းတင်သွင်းမှုမှာ ဒေါ်လာ (၇၉၅၅.၂၅၈) သန်း ရှိခဲ့ပြီး (၂၀၂၀-၂၀၂၁) Mini Budget တွင် ဒေါ်လာ (၇၇၉၀.၅၅) သန်း ရှိခဲ့သဖြင့် ယခုနှစ်တွင် စုစုပေါင်း ဒေါ်လာ (၁၆၄.၇၀၈) သန်း ပိုမိုတင်သွင်းခဲ့သည်ကိုတွေ့ရသည်။ သွင်းကုန်အမယ်အလိုက်တင်သွင်းမှုမှာ (၂၀၂၁-၂၀၂၂) Mini Budget တွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၁၄၉၂.၁၆၉) သန်းနှင့် ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၂၇၈၀.၃၁)သန်း တင်သွင်းခဲ့သဖြင့် ယခင်နှစ်ထက် ဒေါ်လာ (၁၂၈၈.၁၅) သန်းလျော့နည်းခဲ့ကြောင်းတွေ့ရသည်။ လုပ်ငန်းသုံးကုန်ပစ္စည်းများမှာ ယခုနှစ်တွင် ဒေါ်လာ (၃၅၇၃.၀၆၃) သန်းနှင့် ယခင်နှစ်အလားတူကာတွင် ဒေါ်လာ (၂၅၇၄.၈၃) သန်းတင်သွင်းခဲ့သဖြင့် ယခင်နှစ်ထက် ဒေါ်လာ (၉၉၈.၂၃၁) သန်း၊ လူသုံးကုန်ပစ္စည်းများမှာ ယခုနှစ်တွင် ဒေါ်လာ (၁၇၄၅.၆၇၄) သန်းနှင့် ယခင်နှစ်အလားတူကာတွင် ဒေါ်လာ (၁၆၂၀.၁၅) သန်းတင်သွင်းခဲ့သဖြင့် ယခင်နှစ်ထက် ဒေါ်လာ (၁၂၅.၅၂၅) သန်းနှင့် CMP မှာယခုနှစ်တွင် ဒေါ်လာ (၁၁၄၄.၃၅၂) သန်းနှင့် ယခင်နှစ်အလားတူကာတွင် ဒေါ်လာ (၈၁၅.၂၂၅) သန်းတင်သွင်းခဲ့သဖြင့် ယခင်နှစ်ထက် ဒေါ်လာ (၃၂၉.၀၉၇) သန်းအသီးသီးတိုးမြင့်တင်သွင်းခဲ့ပါသည်။

**၃၁။ ၁-၄-၂၀၂၂ မှ ၃-၆-၂၀၂၂ ထိ မြန်မာနိုင်ငံ၏ သွင်းကုန်တင်သွင်းမှု** စုစုပေါင်းမှာ ဒေါ်လာ(၂,၈၅၉.၉၁၈) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၂,၄၈၁.၃၅၃) သန်းတင်သွင်းခဲ့သဖြင့် ဒေါ်လာ (၃၇၈.၅၆၅) သန်း တိုးမြင့်တင်သွင်းခဲ့သည်ကိုတွေ့ရသည်။ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများတွင် ယခင်နှစ်ထက် ဒေါ်လာ (၃၃၆.၃၇၂) သန်း လျော့နည်းတင်သွင်းခဲ့ကြောင်းတွေ့ရပြီး အဓိကသွင်းကုန်များ၏ ကာလတူတင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ပြည်တွင်းဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးခြင်းနှင့် ပြည်ပသို့ဆီထွက်သီးနှံတင်ပို့မှုလျှော့ချခဲ့ခြင်းတို့ကြောင့် တန်ချိန် (၆၇,၂၄၇) တင်သွင်းခဲ့ပြီး ယခင်နှစ်အလားတူကာလ

တွင်တန်ချိန် (၁၄၄,၆၉၃)တင်သွင်းခဲ့သဖြင့် တန်ချိန်(၇၇,၄၄၆) လျော့ကျခဲ့ကြောင်း၊ **ဓာတ်မြေသြဇာ** မှာ ယခုနှစ်တွင် တန်ချိန် (၁၆,၁၄၂၃)၊ ယခင်နှစ်တွင် တန်ချိန်(၁၇၁,၅၇၈) တင်သွင်းခဲ့သဖြင့် တန်ချိန်(၁၀,၁၅၅) နှင့် **ဂျုံစေ့**မှာ ယခုနှစ် တွင် တန်ချိန်(၁၅,၆၂၂)၊ ယခင်နှစ်တွင် တန်ချိန် (၈၂,၇၉၂)တင်သွင်းခဲ့သဖြင့် တန်ချိန်(၆၇,၁၇၀) လျော့နည်းတင်သွင်းခဲ့သည်ကိုလည်း သုံးသပ်တွေ့ရှိ ရပါသည်။

၃၂။ **ငါးလုပ်ငန်းဦးစီးဌာန၏** ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၂-၂၀၂၃ ခုနှစ်၊ မေလအတွင်း **ရေထွက်ပစ္စည်းတင်ပို့မှုတွင်** ငါး၊ ပုဇွန်နှင့် အခြား ရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန်(၁၈,၁၂၆.၆၈၂)၊ တန်ဖိုး ဒေါ်လာ (၃၈.၃၇၂) သန်းနှင့် ယခင်နှစ် အလားတူကာလတွင် တန်ချိန်(၂၄,၁၀၈.၆၁၅) တန်ဖိုး ဒေါ်လာ (၄၁.၀၇၅) သန်းတင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်(၅,၉၈၁.၉၃၃)နှင့် တန်ဖိုး(၂.၇၀၃) သန်းလျော့နည်းတင်ပို့ခဲ့သည်ကို တွေ့ရသည်။

## နိဂုံး

၃၃။ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေနှင့် တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေများအား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

**လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ**